# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 13/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ချင်းပြည်နယ်

- မတ်(၁၃)ရက်နေ့မနက်(၇)နာရီခန့်က မတူပီမြို့နယ်၊ KhuaHung ကျေးရွာအနီးတွင် စကစတပ်နှင့် CDF-Matupi တို့တိုက်ပွဲဖြစ်ပွားနေပြီး ထိခိုက်ကျဆုံးမှုကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။
- မတ်(၁၂)ရက်နေ့က ပလက်ဝမြို့နယ်၊ ဆမီးမြို့နယ်တွင် စကစတပ်နှင့်ပလက်ဝပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး CDF-Paletwaမှ ရဲဘော်ဆလိုင်းယေရှု ကျဆုံးသွားခဲ့ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

- မတ်(၁၃)ရက်နေ့မနက်(၆:၄၅)နာရီခန့်က ကသာမြို့နယ်၊ကသာမြို့ချောင်းဝကျေးရွာအနီးတွင် ခမရ (၄၁၅) တပ်ရင်းမှူး ထွန်းနောင်ပိုင် ဦးဆောင်သော စကစတပ်သားအင်အား(၇၂)ဦးကို မြို့လုပြည်သူ့ကာကွယ်ရေးတပ်က စောင့်ကြိုတိုက်ခိုက်ခဲ့သည်။
- မတ်(၁၃)ရက်နေ့မနက်ပိုင်းက ရေဦးမြို့နယ်၊ ရေဦးမြို့မှ ညောင်လှကျေးရွာသို့သွားသော စကစတပ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၄)ဦး သေဆုံးခဲ့သည်။
- မတ်(၁၂)ရက်နေ့ညနေ(၃:၃၀)နာရီခန့်က ပုလဲမြို့နယ်၊သုံးကန်ကျေးရွာတွင် တပ်စွဲထားသော စကစတပ်သားများနှင့်ပျူစောထီး(၁၀၀)ခန့်ကို ရွှေဓါးဗိုလ် ပြည်သူ့ကာကွယ်ရေးတပ်-SDB၊ Pale People's Defence Force PPDF၊ ပုလဲမြေပြန့်ဒေသကာကွယ်ရေးအင်အားစု(PPDG)၊ Pale People's Defence Force-Headquarters ပ.က.ဖ တပ်ဖွဲ့၊ မုံရွာ သံမဏိ တပ်ခွဲ(၃)(MPDF)၊ ပုံတောင်တိုက်ဂါးနှင့် Pale Jokers တို့မှ ပူးပေါင်းတိုက်ခိုက်ခဲ့ရာ စကစတပ်သားများနှင့်ပျူစောထီးများ ထိခိုက်သေဆုံးမှုကို ရေတွက်နေဆဲဖြစ်ပြီး ပြည်သူ့ကာကွယ်ရေးတပ်သား(၃)ဦး ကျဆုံးခဲ့ကာ (၄)ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

### မကွေးတိုင်း

မတ်(၁၃)ရက်နေ့မနက်(၁၁:၃၀)နာရီခန့်က ရေစကြိုမြို့နယ်၊ စည်သာအုပ်စု၊ ငွေးချိုရွာတွင် ပျူစောထီးသင်တန်းပေးရန် ပြင်ဆင်နေသော ပျူစောထီးခေါင်းဆောင်နေအိမ်ကို ပြည်သူ့ကာကွယ်ရေးတပ်သားများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများ မိနစ်(၃၀)ကြာ ဖြစ်ပွားခဲ့ပြီး စကစဘက်မှ တပ်ကူများ ရောက်လာသဖြင့် ပြည်သူ့ကာကွယ်ရေးတပ်သားများ အထိအခိုက်မရှိ ပြန်လည်ဆုတ်ခွာခဲ့သည်။

### ရန်ကုန်တိုင်း

မတ်(၁၃)ရက်နေ့မနက်(၁၁:၂၀)နာရီခန့်က ခရမ်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF Khayan)က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစတပ်သား(၁)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

Date – 13/3/2022

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

### ကရင်ပြည်နယ်

မတ်(၁၃)ရက်နေ့မနက်(၂)နာရီခန့်က ဖာပွန်ခရိုင်အတွင်းရှိ နေရာ(၃)ခုကို စကစမှ တိုက်လေယာဉ်များနှင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

မတ်(၁၂)ရက်နေ့ည(၈)နာရီခန့်က ရွှေဘိုမြို့နယ်၊ ရွှေဘိုမြို့ ဆိပ်ခွန်ကျေးရွာရဲစခန်းတွင် တပ်စွဲထားသော စကစတပ်သားများက အပြစ်မဲ့ပြည်သူ(၃)ဦးကို ဖမ်းဆီးနှိပ်စက်သတ်ပစ်ပြီး လမ်းဘေးတွင်ပစ်ထားခဲ့ကြောင်း သိရသည်။

### မကွေးတိုင်း

မတ်(၁၂)ရက်နေ့ညနေပိုင်းက ရေစကြိုမြို့နယ်၊ဘုမ္မကျွန်းကို စကစတပ်သားများနှင့်ပျူစောထီးများ ဝင်ရောက်မွှေနှောက်ပြီး ရမ်းကားသောင်းကျန်းကာ ဖုန်းနှင့်ငွေများ ခိုးယူသွားခဲ့ပြီး အပြစ်မဲ့ရွာသားတစ်ဦး ကိုလည်း ရိုက်နှက်သွားခဲ့သည်။

### ရန်ကုန်တိုင်း

မတ်(၁၂)ရက်နေ့ည(၁၁)နာရီခန့်က ဗိုလ်တထောင်မြို့နယ်၊(၄၅)လမ်းတွင် အမျိုးသမီးတစ်ဦးအပါအဝင် ကျောင်းသားလူငယ်(၅)ဦးဖမ်းဆီးခံခဲ့ရပြီး လက်နက်ပစ္စည်းများနှင့်အတူ ဖမ်းမိသည်ဟုဆိုကာ ညတွင်းပင် စစ်ကြောရေးသို့ပို့၍ နှိပ်စက်နေသဖြင့် အသက်အန္တရာယ်အထူးစိုးရိမ်နေရကြောင်း သိရသည်။

## အထွေထွေ

- မတ်(၁၂)ရက်နေ့က ရေစကြိုမြို့နယ်တွင် စကစများ မီးရှို့ဖျက်ဆီးခြင်းကိုခံခဲ့ရသည့် ကျေးရွာအချို့မှ အိမ်ထောင်စုများအတွက် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ရေစကြို)နှင့်MG6 ပြောက်ကျားတပ်ဖွဲ့ တို့ ပူးပေါင်းပြီး ငွေကျပ်သိန်း(၅၆၀)ကို အိမ်ထောင်စု(၁၉) စုစာ အတွက်လှူဒါန်းခဲ့သည်။
- မတ်(၁၂)ရက်နေ့က ဆောမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း(၁၇)ရွာမှ ပြည်သူ(၁၀၈၁)ဦးအား ဆော တိုက်နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ဆေးဝါးစောင့်ရှောက်မှုပေးခဲ့သည်။